**Challenges of Reporting on 2020 General Election in States and Regions of Burma**

**Briefing Paper by Burma News International**

## 1. Background

The 2020 General Election was held on 8 November 2020 in Myanmar. As the 2020 General Election would be the first general election under the administration of National League for Democracy (NLD) after the 2015 General Election, local and international observers and media observed attentively upon the fairness and transparency of the whole election process. Overall, we have seen the asymmetric oppression by the ruling government on media freedom over a year before the election.

### 1.1. Internet Shutdown

The internet connection has been shut down in Buthidaung, Kyauktaw, Maungdaw, Minbya, Mrauk-U, Myebon, Ponnagyun, and Rathedaung in Rakhine State and Paletwa township in Chin State since 21 June 2019 and, for a country claiming to be democratizing, it is inappropriately recorded as the world's longest internet shutdown in the world. After the internet connection in Maungdaw was restored on 2nd May 2020, it has not yet been reinstated in the remaining townships. On 1st August 2020, although the Ministry of Transport and Communication announced that the internet connection would be restarted, in effect it remained disconnected as the dysfunctional 2G network which was reopened, resulted in the same inoperable internet and was simply a public relations exercise by the Government. Even during the COVID-19 pandemic period, the population of over 1 million in these regions cannot access the up-to-date information about the pandemic like the other people living in Myanmar. Similarly, the ethnic people in these regions faced limitation in accessing the information about the election before the 2020 General Election.

### 1.2. Blockage of News Agencies' Websites

Apart from internet shutdown, another controversial issue relating to media freedom in Ethnic States in 2020 was the blocking of websites of independent ethnic media. From 19 March 2020 to 11 May 2020, Ministry of Transportation and Communication, according to Section 77 of Telecommunication Law, ordered the telecommunication operators in Myanmar to shut 2,147 websites down, including the websites of major independent ethnic media such as Development Media Group, Narinjara News and Karen News, the largest independent ethnic

language news providers in their states. The websites have not been unconditionally restored as of this report date, beyond the November 2020 election.

### 1.3.Prosecuting the Ethnic News Editors

Under the NLD government, the media freedom faced limitations not only on internet but also in the ground situation. It has been over one year since Aung Marm Oo, Chief Editor of Development Media Group, a member of BNI, and other staff were charged under Unlawful Association Act Article 17/2 by Special Branch Police on 1 May 2019 at Sittwe Myoma Police Station No. 1.

Also, on 31 March of this year, Khaing Mrat Kyaw, Chief Editor of Narinjara News, another member of BNI, was charged under Counter-Terrorism Law by Sittwe Myoma Police Station No. 1 and the reason for charge was because of the publication of an interview with Khaing Thukha, a spokesperson of AA, in a Narinjara's news.

The world's longest internet shutdown for over a year in regions of Rakhine and Chin States which are unstable due to armed conflict, blockage of independent ethnic media and prosecution of the Chief Editors of two Rakhine State-based ethnic media were the significant violations of media freedom. There was no improvement regarding these violations of media freedom until the election period and even on the election day, we have seen another form of oppression over media freedom.

## 2. Government Discrimination against Ethnic News Groups to Monitor inside the Polling Stations and Compounds

According to the reporters of BNI members ethnic media agencies, it was observed that the reporters faced several difficulties to record news near the polling stations. Through district sub-commissions, the Union Election Commission (UEC) issued the identity cards for reporters to cover news on the election day. According to the rule by the UEC, the reporters would be allowed to record news inside the polling stations and the compounds only if they wear these identity cards and the reporters who did not apply for the identity cards could only record the news from outside of the compounds.

However, the reporters who had received and wore the identity cards faced limitations in recording news inside the polling stations and inside the compounds on the election day. The

reporters were not allowed to record news or take pictures or video inside the polling stations in some regions of the States including Kayin State, Chin State, Mon State and Shan State and in some regions, the reporters could not even enter the compounds. Similarly, there were some polling stations where the reporters were allowed to enter but not to record pictures or video.

Since the reporters were not allowed to record news or take pictures or video inside the polling stations and inside the compounds, the reporters lost the opportunity to record the scenes of checking ballot boxes and ballots when the polling stations were opened, counting votes and other activities when the polling stations were closed. Therefore, the essential transparent scenes of the election could not be included in the news and it made the reporting of regional news media less transparent as only the scenes outside of the polling stations could be recorded.

However, some centralized Yangon based media could record the news and take pictures and video inside the polling stations and could publish the news with various scenes. This type of discrimination by the government, favoring centrally based Yangon media organizations over regional news media organizations, impedes the news' quality of the ethnic news agencies which are the only news organizations to report locally relevant news and in the mainstream languages for people living in the ethnic States. This erodes the trust of ethnic populations in independent journalism as well as trust in any elections.

### 3. Inconsistent Procedures between UEC and State Sub- Commissions

Although UEC released Media Guidebooks for 2020 General Election for reporters, they were not widely distributed among reporters and sub-commissions. State sub-commissions also could not solve the challenges of reporters in accessing the news in practical situations. The cases like some state sub-commissions not allowing regional media organisation reporters with identity cards to record news inside the polling stations and inside the compounds highlights the inconsistent procedures between the UEC and state sub-commissions. Moreover, the media guidebooks were not released with the majority languages of each region; making rules less clear and understandable.

## 4. Impacts of COVID-19 Related Restrictions on Reporters

As government announced stay at home orders in late September 2020 when the time the second wave of COVID-19 initiated, reporters had worked at home since journalism and media were not included in the list of essential businesses. Hence, there were limitations during the election period to access news in different towns. If reporters were exempted, as an exceptional case, from the restrictions to control COVID-19 such as quarantine during the election period, it would have been more efficient in publishing news.

## 5. National Political Parties, including NLD, Blocked Access to Information during the Election Period

Another election-related challenge that ethnic news media met was blockage to access information. The NLD and other national parties did not answer the phone and ethnic news media found it difficult to reach them after the election. The NLD even did not allow ethnic media to attend election speeches given in Karen State villages. Moreover, the NLD and other national parties did not provide information or press conferences in the majority languages of each state and region, which made their official policies unclear to local population and more able to be misrepresented by various candidates or allies.

## 6. Conclusion

In the election period where political leaders are selected to seek ways to end Burma's 70 year long civil war, it is extremely important for reporters to have unlimited access to information in order to publish the accurate news and information to the people who live in any regions of the country. The crucial role of the independent ethnic regional based media sector to assist free and fair elections was severely weakened due to Government led restrictions and persecution of ethnic news groups reporters in monitoring the election.

Overall, these restrictions by the Government and ruling party, placed limitations against region-based ethnic news groups ability to cover the election. Indeed, all media agencies, not only Yangon based news agencies with Burmese language but also ethnic media agencies, deserve the media freedom to perform their crucial role as the fourth pillar of the country. In order to conduct free and fair elections in future, the newly elected government must adopt the policies that guarantee the free access to information and free expression of all media groups, no matter where they are based or with which language they report.

## ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရွေးကောက်ပွဲသတင်း ရယူမှုရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများအပေါ် နိုင်ငံတကာမြန်မာ့သတင်း (BNI) ၏ အနှစ်ချုပ်သုံးသပ်ချက်

### ၁။ နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံတွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ရက်၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့ပါသည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲသည် ၂၀၁၅ ရွေးကောက်ပွဲအလွန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အရပ်သားအစိုးရ အာဏာရပြီးနောက် ပထမဆုံးကျင်းပသည့် ရွေးကောက်ပွဲဖြစ်သည်နှင့်အညီ ရွေးကောက်ပွဲ ကျင်းပသည့် အစီအစဉ်တစ်ရပ်လုံး၏ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာရှိမှုတို့အပေါ် ပြည်တွင်း၊ပြည်ပမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများနှင့် မီဒီယာများက စိတ်ဝင်တစား စောင့်ကြည့်လေ့လာခဲ့ကြသည်။ သို့သော်လည်း အနှစ်ချုပ်အားဖြင့် ရွေးကောက်ပွဲမကျင်းပမီ တစ်နှစ်ကျော်ကာလအတွင်း မီဒီယာလွတ်လပ်ခွင့်အပေါ် လက်ရှိအာဏာရအစိုးရ၏ တစ်ဖက်သတ် ဖိနှိပ်မှုများကို တွေ့မြင်ခဲ့ရပါသည်။

### ၁.၁။ အင်တာနက်ဖြတ်တောက်ခံရမှု

ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ ကျောက်တော်၊ မောင်းတော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်မြို့နယ်တို့နှင့် ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်တို့တွင် ၂၀၁၉ ခုနှစ် ဇွန်လ ၂၁ ရက်မှစ၍ အင်တာနက်ဖြတ်တောက်ခံထားရခြင်း ဖြစ်ပြီး ကမ္ဘာ့အရှည်ကြာဆုံး အင်တာနက် ဖြတ်တောက်ခံခြင်းအဖြစ် ဒီမိုကရေစီစနစ် ကူးပြောင်းနေသည့် နိုင်ငံတစ်ခုအနေနှင့် အကျည်းတန် မှတ်တမ်းဝင်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂ ရက်နေ့တွင် မောင်းတောမြို့နယ်၌ အင်တာနက်အသုံးပြုနိုင်ခွင့် ပြန်လည်ဖွင့်ပေးခဲ့ပြီးနောက် ကျန်မြို့နယ် ၈ ခု၌ အင်တာနက်အသုံးပြုနိုင်ခွင့်ကို ပြန်လည်ဖွင့်ပေးခြင်းမရှိပါ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် အင်တာနက်ကို ပြန်လည်ဖွင့်ပေးခဲ့သော်လည်း ၎င်းမှာ အစိုးရ၏ ပြည်သူ့ဆက်ဆံရေးအစီအစဉ် တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သည့်အလျောက် အသုံးပြုခွင့်ပေးခဲ့သည့် 2G ကွန်ယက်မှာလည်း ကောင်းမွန်စွာ လည်ပတ်နိုင်ခြင်းမရှိဘဲ အဆက်အသွယ်များမှာ ပြတ်တောက်မြဲ ပြတ်တောက်လျက်ပင် ဖြစ်ခဲ့ပါသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါ ပျံ့နှံ့နေချိန်တွင်ပင် ထိုမြို့နယ်ဒေသများ၌ နေထိုင်သူ တိုင်းရင်းသားပြည်သူပေါင်း ၁ သန်းကျော်ခန့်မှာ မြန်မာနိုင်ငံတွင်းရှိ အခြားတိုင်းရင်းသားပြည်သူများနည်းတူ ကပ်ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ခြင်း မရှိဖြစ်ခဲ့ရပါသည်။ အလားတူပင်ထိုဒေသနေ တိုင်းရင်းသားပြည်သူများမှာ ၂၀၂၀ ရွေးကောက်ပွဲ နီးကပ်လာခဲ့ချိန်တွင်လည်း အင်တာနက် ဖြတ်တောက်မှုဒဏ် ခံနေရဆဲ ဖြစ်ခဲ့သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ရရှိမှုတွင်လည်း များစွာအကန့်အသတ် ရှိနေခဲ့ပါသည်။

**၁.၂။ သတင်းမီဒီယာဌာနများ၏ ဝက်ဘ်ဆိုဒ်စာမျက်နှာများ အပိတ်ပင်ခံရမှု**

အင်တာနက်ဖြတ်တောက်မှုအပြင် ယခုနှစ်အတွင်း မီဒီယာလွတ်လပ်ခွင့်နှင့် ပတ်သက်၍ အခြားအငြင်းပွားဖွယ် ပြဿနာရပ် တစ်ခုမှာ အချို့သော လွတ်လပ်သည့် တိုင်းရင်းသားမီဒီယာအဖွဲ့များ၏ ဝက်ဘ်ဆိုဒ်စာမျက်နှာများကို ပိတ်ပင်ထားခြင်းဖြစ်သည်။ သက်ဆိုင်ရာ ပြည်နယ်များတွင် ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားဖြင့် သတင်းများကို တင်ဆက်ပေးနေသည့် လွတ်လပ်သော တိုင်းရင်းသား မီဒီယာအဖွဲ့များဖြစ်သည့် Development Media Group၊ နရဥ္စရာသတင်းဌာန (Narinjara News) ၊ Karen News တို့၏ ဝက်ဘ်ဆိုဒ်များ အပါအဝင် ဝက်ဘ်ဆိုဒ်စာမျက်နှာပေါင်း ၂၁၄၇ ခုကို ပိတ်ပင်ရန် ဆက်သွယ်ရေးလုပ်ငန်း အော်ပရေတာများကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၉ ရက်နေ့မှ မေလ ၁၁ ရက်နေ့အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၇ အရ တားမြစ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲပြီးဆုံးပြီး ယခု သုံးသပ်ချက်ကို ရေးသားနေချိန်အထိ ယင်းသတင်းမီဒီယာဌာနများ၏ ဝက်ဘ်ဆိုဒ်စာမျက်နှာများကို ချွင်းချက်မရှိ ပြန်လည်ဖွင့်ပေးခြင်း မရှိသေးပါ။

**၁.၃။ သတင်းမီဒီယာသမားများကို တရားစွဲဆိုမှုများ**

ပြီးခဲ့သည့် NLD အစိုးရလက်ထက်အတွင်း မီဒီယာလွတ်လပ်ခွင့်မှာ အင်တာနက်ပေါ်တွင်သာမက မြေပြင်အခြေအနေတွင်ပါ အကန့်အသတ်များစွာ ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် BNI ၏ အဖွဲ့ဝင် မီဒီယာအဖွဲ့အစည်းဖြစ်သည့် Development Media Group ၏ အယ်ဒီတာချုပ် အောင်မင်းဦးနှင့် အခြားတာဝန်ရှိသူများကို စစ်တွေမြို့ အထူးသတင်းတပ်ဖွဲ့ (SB) က မတရားအသင်း ဆက်သွယ်မှုဥပဒေပုဒ်မ (၁၇/၂) ဖြင့် စစ်တွေ အမှတ် (၁) ရဲစခန်းတွင် အမှုဖွင့်ထား ခဲ့သည်မှာ ယခုဆိုလျှင် တစ်နှစ်ကျော်ပြီဖြစ်သည်။

ယခုနှစ် မတ်လ ၃၁ ရက်နေ့တွင်လည်း BNI ၏ အခြားအဖွဲ့ဝင်ဖြစ်သည့် ရခိုင်ပြည်နယ်အခြေစိုက် နရဥ္စရာသတင်းဌာန၏ အယ်ဒီတာချုပ် ခိုင်မြတ်ကျော်ကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အမှတ် (၁) မြို့မရဲစခန်းက အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ကာ တရားစွဲဆိုခဲ့ပြီး တရားစွဲဆိုရသည့် အကြောင်းရင်းမှာ နရဥ္စရာသတင်းတစ်ပုဒ်တွင် AA ပြောခွင့်ရသူ ခိုင်သုခနှင့် ဆက်သွယ်မေးမြန်းထားချက်ကို ထုတ်လွှင့်ခြင်းကြောင့်ဟု သိရှိရပါသည်။

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ လက်နက်ကိုင်ပဋိပက္ခများကြောင့် မတည်မငြိမ်ဖြစ်နေသည့် ဒေသများတွင် တစ်နှစ်ကျော်ကြာ ကမ္ဘာ့အရှည်ကြာဆုံး အင်တာနက်ဖြတ်တောက်မှု၊ လွတ်လပ်သည့် တိုင်းရင်းသားမီဒီယာအဖွဲ့များ၏ ဝက်ဘ်ဆိုဒ် စာမျက်နှာများကို ကြည့်ရှုခွင့် မရအောင် ပိတ်ပင်မှုနှင့် ရခိုင်ပြည်နယ်အခြေစိုက် တိုင်းရင်းသားသတင်းမီဒီယာ အဖွဲ့နှစ်ဖွဲ့၏ အယ်ဒီတာချုပ်များကို တရားစွဲဆိုမှုတို့သည် မီဒီယာလွတ်လပ်ခွင့်အပေါ် ထင်ရှားသည့် ချိုးဖောက်မှုများ ဖြစ်ခဲ့ပါသည်။ ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာချိန်အထိ ယင်းကဲ့သို့ မီဒီယာလွတ်လပ်ခွင့် ချိုးဖောက်မှုများမှာ

တိုးတက်မှုများအဖြစ် ပြောင်းလဲမြင်တွေ့ခဲ့ရခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်ပင် မီဒီယာလွတ်လပ်ခွင့်အပေါ် အခြားသောပုံစံဖြင့် ဖိနှိပ်မှုများကို တွေ့ရှိခဲ့ရသည်။

**၂။ တိုင်းရင်းသားသတင်းအဖွဲ့များ မဲရုံအတွင်းနှင့် မဲရုံပရိဝုဏ်အတွင်း သတင်းရယူရာတွင် ကြုံတွေ့ခဲ့ရသော အစိုးရ၏ ခွဲခြားဆက်ဆံမှုများ**

ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ပြည်နယ်ဒေသများ၌ သတင်းရယူခဲ့သည့် BNI အဖွဲ့ဝင် တိုင်းရင်းသားမီဒီ ယာများ၏ သတင်းထောက်များ၏ ပြောကြားချက်အရ သတင်းထောက်များအနေဖြင့် မဲရုံဝန်းကျင်တွင် သတင်းရ ယူခြင်းနှင့် ပတ်သက်၍ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခရိုင်ရွေး ကောက်ပွဲကော်မရှင်များမှတစ်ဆင့် ရွေးကောက်ပွဲနေ့တွင် ရွေးကောက်ပွဲဆိုင်ရာ သတင်းရယူရန်အတွက် သတင်းရ ယူခွင့်ကဒ်ပြားများကို သတင်းထောက်များအား ထုတ်ဝေပေးခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စည်းကမ်းချက်အရ ရွေးကောက်ပွဲနေ့တွင် ထိုကဒ်ပြားများကို ချိတ်ဆွဲထားမှသာ မဲရုံအတွင်းနှင့် မဲရုံပရဝဏ်အတွင်း သတင်းရယူ ရိုက်ကူးခွင့်ပြုမည်ဖြစ်ပြီး ကဒ်ပြားရယူလျှောက်ထားခြင်းမရှိသည့် သတင်းထောက်များအနေဖြင့် မဲရုံပရဂုဏ် အပြင်ဘက်ကသာ ရိုက်ကူးခွင့်ရမည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

သို့သော် သတင်းရယူခွင့်ကဒ်ပြား ရရှိချိတ်ဆွဲထားသည့် သတင်းထောက်များသည်လည်း ရွေးကောက်ပွဲနေ့ ၌ မဲရုံနှင့် မဲရုံပရဝဏ်အတွင်း သတင်းဓာတ်ပုံများ ရယူရိုက်ကူးရာတွင် အဟန့်အတားများကို ကြုံတွေ့ခဲ့ရသည်။ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် အပါအဝင် ပြည်နယ်ဒေသအချို့တွင် မဲရုံထဲသို့ဝင်၍ သတင်းရယူ ဓာတ်ပုံ/ရုပ်သံ ရိုက်ကူးခွင့်များ မရရှိခဲ့သလို အချို့ပြည်နယ်ဒေသများတွင် မဲရုံပရဝဏ်များအတွင်းသို့ပင် ဝင်ခွင့်မရ သည့် ဖြစ်ရပ်များရှိခဲ့ကြောင်း ပြည်နယ်သတင်းထောက်များမှ တစ်ဆင့် သိရှိရသည်။ ထို့အတူ မဲရုံအတွင်း သတင်းထောက်များကို ဝင်ရောက်ကြည့်ရှုခွင့်ပေးခဲ့ပြီး ဓာတ်ပုံ/ဗီဒီယို ရိုက်ကူးခွင့်မပေးခဲ့သည့် မဲရုံများလည်းရှိကြောင်း သိရှိရသည်။

မဲရုံများနှင့် မဲရုံပရဝဏ်များအတွင်း သတင်းရယူခွင့်၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခွင့်များ မရရှိခဲ့ခြင်းကြောင့် တိုင်းရင်းသားမီဒီယာများမှ သတင်းထောက်များအနေဖြင့် မဲရုံစဖွင့်ချိန်တွင် မဲပုံးများ၊ မဲလက်မှတ်များကို စစ်ဆေး သည့် မြင်ကွင်းများ၊ မဲရုံပိတ်ချိန် ဆောင်ရွက်ချက်များနှင့် မဲရေတွက်ချိန် မြင်ကွင်းများကို ရိုက်ကူးခွင့်များ ဆုံးရှုံးခဲ့ရ သည်။ ထိုသို့ဆုံးရှုံးခဲ့ရခြင်းကြောင့် ရွေးကောက်ပွဲ၏ အရေးကြီးသည့် ပွင့်လင်းမြင်သာသော မြင်ကွင်းများကို ပြည်သူ လူထုသိရှိစေရန် သတင်းများတွင် ထည့်သွင်းဖော်ပြခွင့် မရခဲ့ဘဲ မဲရုံပြင်ပ မြင်ကွင်းများကိုသာ ရိုက်ကူးဖော်ပြခွင့်ရ သည့်အတွက် နယ်မြေအခြေစိုက် သတင်းမီဒီယာများ၏ ရုပ်သံတင်ဆက်မှုများကို ပွင့်လင်းမြင်သာရှိစေရန် အားနည်းစေခဲ့ပါသည်။

သို့သော်လည်း ရန်ကုန်မြို့အခြေစိုက် အချို့သတင်းမီဒီယာဌာနကြီးများအနေနှင့် မဲရုံများအတွင်း သတင်းရယူခွင့်၊ ဓာတ်ပုံ၊ ဗီဒီယိုများ ရိုက်ကူးခွင့် များ ရရှိခဲ့ပြီး မြင်ကွင်းစုံသတင်းများကို ထုတ်ပြန်နိုင်ခဲ့ကြောင်း

တွေ့ရှိရပါသည်။ ထိုကဲ့သို့ ရန်ကုန်မြို့ အခြေစိုက် သတင်းဌာနကြီးများနှင့် ပြည်နယ်ဒေသ အခြေစိုက် သတင်းဌာနများကြား အစိုးရ၏ ခွဲခြားဆက်ဆံမှုများမှာ ပြည်နယ်ဒေသများရှိ ပြည်သူများအတွက် တိကျမှန်ကန်သည့် သတင်းများကို သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားများဖြင့် ဖော်ထုတ်တင်ပြပေးနေသည့် တိုင်းရင်းသားသတင်းဌာနများ၏ သတင်းအရည်အသွေးအပေါ် ထိခိုက်စေပါသည်။ ထိုသို့ထိခိုက်မှုသည် ရွေးကောက်ပွဲနှင့် လွတ်လပ်သည့် သတင်းလုပ်ငန်းအပေါ် တိုင်းရင်းသားပြည်သူများ၏ ယုံကြည်မှုကိုလည်း များစွာ လျော့နည်းထိခိုက်စေပါသည်။

## ၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်များကြား လုပ်ထုံးလုပ်နည်း ကွဲလွဲချက်များ

ရွေးကောက်ပွဲသတင်းယူခွင့်နှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်စာအုပ်ကို ထုတ်ဝေပေးခဲ့သော်လည်း လက် တွေ့တွင် သတင်းမီဒီယာသမားများနှင့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လက်ထဲသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိမှုမှာ အားနည်းခဲ့သည်။ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်များအနေဖြင့်လည်း လက်တွေ့ အခြေအနေအရ သတင်းထောက်များ သတင်းရယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ထိထိရောက်ရောက် ဖြေရှင်းပေးမှုများ မလုပ်ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းရယူခွင့် ကဒ်ပြား ချိတ်ဆွဲထားသည့် သတင်းထောက်များကို မဲရုံအတွင်းနှင့် မဲရုံဝန်းကျင်တွင် သတင်းရယူခွင့်ပြုထားသော် လည်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်များက ခွင့်မပြုခြင်းကဲ့သို့သော ကိစ္စရပ်များသည် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်များကြား လုပ်ထုံးလုပ်နည်းဆိုင်ရာ ကွဲလွဲမှုများကို မီးမောင်းထိုးပြနေပါသည်။ ထို့အပြင် လမ်းညွှန်စာအုပ်ကိုလည်း သက်ဆိုင်ရာဒေသများ၏ လူအများစု သုံးစွဲသည့် ဘာသာစကားနှင့် ပုံနှိပ်ထုတ်ဝေခြင်းမျိုး မရှိခဲ့သည့်အတွက် စည်းမျဉ်းစည်းကမ်းများမှာ ရှင်းရှင်းလင်းလင်းမရှိဘဲ နားလည်ရ ခက်ခဲခဲ့ပါသည်။

## ၄။ သတင်းမီဒီယာသမားများအပေါ် COVID-19 နှင့် ပတ်သက်သည့် ကန့်သက်မှုများ၏ သက်ရောက်မှု

COVID-19 ဒုတိယလှိုင်းစတင်ပြီး မကြာမီ စက်တင်ဘာလနှောင်းပိုင်း အစိုးရက နေအိမ်တွင် နေထိုင်ရေး အစီအစဉ်ကို ကြေညာခဲ့ရာ၌ သတင်းမီဒီယာလုပ်ငန်းကို ချွင်းချက်မပေးခဲ့သည့်အတွက် သတင်းသမားများအနေဖြင့် မိမိအိမ်၌သာနေထိုင်၍ အလုပ်လုပ်ကိုင်ခဲ့ရသည်။ ထို့ကြောင့် ရွေးကောက်ပွဲကာလတွင် မိမိနေထိုင်ရာမြို့ မဟုတ်သည့် အခြားမြို့၏ ရွေးကောက်ပွဲသတင်းရယူရာတွင် အကန့်အသတ်များ ရှိခဲ့ပါသည်။ အသွားအလာကန့် သတ်ခြင်းကဲ့သို့သော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို ရွေးကောက်ပွဲကာလ အတွင်း၌

သတင်းထောက်များအပေါ် ချွင်းချက်အနေဖြင့် ဖြေလျှော့ပေးခဲ့ပါက သတင်းရယူထုတ်ပြန်ရာတွင် ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဟု ယူဆပါသည်။

### ၅။ ရွေးကောက်ပွဲကာလတွင်း NLD အပါအဝင် ပါတီများနှင့် ဆက်သွယ်ရရှိရန် ခက်ခဲခြင်း

ရွေးကောက်ပွဲနှင့် ပတ်သက်၍ တိုင်းရင်းသားသတင်းမီဒီယာများ အများဆုံးကြုံတွေ့ရသည့် အခြားစိန်ခေါ်မှုတစ်ခုမှာ သတင်းအချက်အလက်ရယူရန် ခက်ခဲခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် သတင်းရယူ ရန်အတွက် NLD အပါအဝင် အနိုင်ရပါတီများနှင့် အခြားပါတီများကို ဆက်သွယ်ရာတွင် ဖုန်းလက်ခံမဖြေကြားခြင်း၊ အဆက်အသွယ်ရရန် ခက်ခဲခြင်း စသည့်စိန်ခေါ်မှုများကို တိုင်းရင်းသား သတင်းမီဒီယာများက ကြုံတွေ့ခဲ့ရကြောင်း သိရှိရပါသည်။ NLD အနေဖြင့် ကရင်ပြည်နယ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ မိန့်ခွန်းပြောကြားပွဲကိုပင် တိုင်းရင်းသားသတင်းမီဒီယာများကို တက်ရောက်ခွင့် မပြုခဲ့ပေ။ ထို့အပြင် NLD နှင့် အခြားပါတီများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် သတင်းစာရှင်းလင်းပွဲများ ကျင်းပရာတွင် နေထိုင်သူ လူအများစု အသုံးပြုသည့် ဘာသာစကားကို အသုံးပြုခြင်းမရှိသည့်အတွက် ဒေသခံများအနေဖြင့် ၎င်းတို့၏ တရားဝင်မူဝါဒများကို သေချာနားလည်နိုင်ရန် ခက်ခဲပြီး များစွာသော ကိုယ်စားလှယ်လောင်းများနှင့် မိတ်ဖက်အဖွဲ့များ၏ လွဲမှားစွာ ကိုယ်စားပြုခြင်းကို ခံရနိုင်ပါသည်။

### ၆။ အနှစ်ချုပ်

မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၇၀ ကြာ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရန်အတွက် နည်းလမ်းရှာဖွေရန် နိုင်ငံရေးခေါင်းဆောင်များကို ရွေးထုတ်ပေးလိုက်သည့် အထွေထွေရွေးကောက်ပွဲကဲ့သို့ ကာလများတွင် နိုင်ငံတစ်ဝန်း မည်သည့်ဒေသတွင်မဆို နေထိုင်ကြသည့် ပြည်သူများထံ မှန်ကန်တိကျသည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးနိုင်ရန်အတွက် သတင်းမီဒီယာသမားများအနေဖြင့် အကန့်အသတ်မရှိသည့် သတင်းရယူပိုင်ခွင့်များရှိရန် အလွန်ပင်အရေးကြီးပါသည်။ အစိုးရ၏ ကန့်သတ်မှုများနှင့် တိုင်းရင်းသားသတင်းအဖွဲ့များ၏ အယ်ဒီတာများကို တရားစွဲဆိုမှုများကြောင့် တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲဖြစ်ရန် သတင်းမီဒီယာကဏ္ဍအားဖြင့် ပံ့ပိုးပေးမှုမှာလည်း အားလျော့ခဲ့ရသည်။ အနှစ်ချုပ်အားဖြင့် အထက်ဖော်ပြပါ ကိစ္စရပ်များသည် လွတ်လပ်သည့် တိုင်းရင်းသားသတင်း မီဒီယာများအနေဖြင့် ပြည်နယ်ဒေသများ၏ ရွေးကောက်ပွဲသတင်းများကို ရယူထုတ်ပြန်ဖော်ပြရာတွင် ကြီးမား သည့် အဟန့်အတားများ ဖြစ်စေခဲ့ပါသည်။ ရန်ကုန်မြို့အခြေစိုက်၊ ဗမာစကားအသုံးပြုသည့် မီဒီယာအဖွဲ့များသာမက တိုင်းရင်းသားသတင်းမီဒီယာအဖွဲ့များသည်လည်း နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဟူသည့် ၎င်းတို့၏ အရေးပါသည့်အခန်းကဏ္ဍကို ဖော်ဆောင်နိုင်ရန်အတွက် မီဒီယာလွတ်လပ်ခွင့်ကို ရရှိရန် ထိုက်တန်ပါသည်။ မကြာခင် တက်လာမည့် အစိုးရအဖွဲ့အနေဖြင့် အနာဂါတ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရန်အလို့ငှာ

205/206, 4D, Damayone Street,
Royal Zawtika Condo,
Thingangyun Township
www.bnionline.net
Email: ygnoffice@bnionline.net
Phone: +95(0) 9 4500 44627

သတင်းမီဒီယာအဖွဲ့များအားလုံးအတွက် ၎င်းတို့ မည်သည့်ဒေသတွင် အခြေစိုက်သည်ဖြစ်စေ၊ မည်သည့်ဘာသာစကားဖြင့် သတင်းထုတ်ပြန်သည်ဖြစ်စေ လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို အာမခံပေးသည့် မူဝါဒများကို ချမှတ်ရန် လိုအပ်ပါသည်။